နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

အခန်း (၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်စေရန်၊

(ခ) နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) ပြည်ပစီးပွားဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်စေရန်။

အခန်း (၃)

ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၄။ ဗဟိုဘဏ်သည် -

(က) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ မူဝါဒများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) ဈေးကွက်ငွေလဲလှယ်နှုန်းကို အခြေခံသည့်ငွေလဲလှယ်နှုန်းကို နေ့စဉ်ထုတ်ပြန်ကြေညာရမည်။

၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးလထက်မပိုသော နိုင်ငံခြား သုံးငွေလုပ်ငန်းနှင့်စပ်လျဉ်းသည့် အရေးပေါ်ကာလတစ်ရပ်ကို သတ်မှတ်နိုင်သည်။ လိုအပ်ပါက တစ်ကြိမ်လျှင် သုံးလထက် မပိုစေဘဲ ထပ်မံသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အရေးပေါ်ကာလသတ်မှတ်ပါက ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ၏ လုပ်ငန်းများ ကို ယာယီကန့်သတ်နိုင်သည်။

၆။ ဗဟိုဘဏ်သည် နိုင်ငံခြားငွေကြေးဈေးကွက်လုပ်ငန်းများ စနစ်တကျနှင့် ချောမွေ့စွာလုပ်ကိုင်နိုင်ရန် ပံ့ပိုးဆောင်ရွက်ရမည်။ ထို့ပြင် နိုင်ငံခြားသုံးငွေရောင်းဝယ်မှုတွင် ပါဝင်ဆောင်ရွက်နိုင်သည်။

အခန်း (၄)

နိုင်ငံခြားသုံးငွေလုပ်ငန်းများ

၇။ နိုင်ငံခြားသုံးငွေလုပ်ငန်းများတွင် အောက်ပါတို့ပါဝင်သည် -

(က) နိုင်ငံတော်အတွင်း၌ နိုင်ငံခြားငွေဖြင့် ပေးချေမှု၊

(ခ) နိုင်ငံတော်အတွင်း၌ နိုင်ငံခြားသုံးငွေဖြင့် အခြားသောပေးချေမှု၊
(ဂ) နိုင်ငံခြားသုံးငွေဖြင့် နိုင်ငံတကာပေးချေမှု သို့မဟုတ် လွှဲပြောင်းမှု၊
(ဃ) နိုင်ငံတော်အတွင်း၌ နိုင်ငံခြားငွေ သို့မဟုတ် အခြားနိုင်ငံခြားသုံးငွေ များ ဝယ်ယူမှု သို့မဟုတ် ရောင်းချမှု၊
(င) ဗဟိုဘဏ်က အခါအားလျော်စွာ ခွင့်ပြုသည့် နိုင်ငံခြားသုံးငွေ လုပ်ငန်း။
၈။ နိုင်ငံတော်အတွင်း ကုန်စည်၊ ဝန်ဆောင်မှု သို့မဟုတ် အခြေပစ္စည်းရောင်းချ ခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ငှားရမ်းခြင်းတို့အတွက် နိုင်ငံခြားသုံးငွေဖြင့် ဈေးနှုန်းသတ်မှတ်ခြင်း၊ ပေးချေခြင်း သို့မဟုတ် လက်ခံခြင်းတို့ကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။
၉။ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံများအကြား နိုင်ငံခြားငွေ ငွေသား၊ ပေးချေမှု စာချုပ်စာတမ်းများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များအား လက် ရောက်လွှဲပြောင်းခြင်းကို ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။
၁၀။ ပုဒ်မ ၉ ပါ လက်ရောက်လွှဲပြောင်းခြင်းမှတစ်ပါး နိုင်ငံခြားသုံးငွေဖြင့် ပေးချေမှု သို့မဟုတ် လွှဲပြောင်းမှုကို နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်တစ်ရပ်ရပ်ရရှိသူကသာ ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက် များနှင့်အညီ ဆောင်ရွက်ရမည်။
၁၁။ ကုန်သွယ်မှုဆိုင်ရာ ပေးချေမှု သို့မဟုတ် လွှဲပြောင်းမှုကို နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသောဘဏ်မှတစ်ဆင့်သာ ဆောင်ရွက်ရမည်။
၁၂။ ပုဒ်မ ၇ ပါ နိုင်ငံခြားသုံးငွေလုပ်ငန်းများကို နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်တစ်ရပ်ရပ်ရရှိသူကသာ ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၅)

## နိုင်ငံခြားငွေ ကိုင်ဆောင်ခြင်း၊ ငွေစာရင်းဖွင့်လှစ်ခြင်းနှင့် အသုံးပြုခြင်း

၁၃။ ပြည်တွင်း၌နေထိုင်သူသည် ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များ နှင့်အညီ–
(က) နိုင်ငံခြားငွေပမာဏတစ်ရပ်ကို သတ်မှတ်ကာလတစ်ခုအတွင်း ကိုင်ဆောင်ခွင့်ရှိသည်၊
(ခ) သတ်မှတ်ကာလကုန်ဆုံးပြီးနောက် မိမိတို့ကိုင်ဆောင်ခွင့်ရှိသော နိုင်ငံခြားငွေများကို နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိသူထံ ဈေးကွက်ပေါက်ဈေးနှုန်းအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရမည်။
၁၄။ နိုင်ငံခြားငွေ တရားဝင်ကိုင်ဆောင်ထားသော မည်သူမဆို ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ မိမိပိုင်ဆိုင်သော နိုင်ငံခြားငွေကို နိုင်ငံတော်အတွင်း နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း လိုင်စင်ရရှိသူထံတွင် ဘဏ်ငွေစာရင်းဖွင့်လှစ်အပ်နှံရမည်။
၁၅။ ပြည်တွင်း၌နေထိုင်သူသည် ပြည်ပတွင်ရရှိသော နိုင်ငံခြားသုံးငွေဖြင့် ဝင်ငွေများကို ဗဟိုဘဏ်၏

စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ပြည်တွင်းသို့ ပြန်လည်ပေးပို့ရမည်။ ထိုဝင်ငွေများကို နိုင်ငံခြားသုံးငွေရောင်းဝယ် ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရရှိသူထံတွင် ဘဏ်ငွေစာရင်းဖွင့်လှစ်အပ်နှံ ရမည်။

၁၆။ ပြည်တွင်း၌နေထိုင်သူ သို့မဟုတ် ပြည်ပ၌နေထိုင်သူသည်–

(က) နိုင်ငံတော်အတွင်း တရားဝင်ရရှိသောနိုင်ငံခြားသုံးငွေများ ရောင်းချ ခြင်းမှရရှိသည့် ကျပ်ငွေကို နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူထံတွင် ဗဟိုဘဏ်၏ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ ကျပ်ငွေစာရင်းဖွင့်လှစ်အပ်နှံနိုင် သည်။

(ခ) ပုဒ်မခွဲ (က) ပါ ကျပ်ငွေစာရင်းလက်ကျန်ဖြင့် နိုင်ငံခြားသုံးငွေ ပြန်လည်ဝယ်ယူနိုင်သည်။

၁၇။ ပြည်တွင်း၌နေထိုင်သူသည် ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့်သာ ပြည်ပ နိုင်ငံတစ်ခုခုတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်နိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)